# လူ့အခွင့်အရေးအခြေပြု ရှောင်တခင်တုန့်ပြန်ရေးအဖွဲ့ 
# အစိုးရ၏ ချိုးဖောက်မှုများကို ဆန့်ကျင်အံတု၍ မြို့ပြဆင်းရဲသားများ၏ 
# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ကာကွယ်စောင့်ရှောက်ခြင်း

## ခြုံငုံသုံးသပ်ချက်အကျဉ်း

၂၀၂၁ ခုနှစ် ဩဂုတ်လမှစ၍ University of Melbourne's Informal Urbanism (InfUr-) Research Hubı Save San Roque Alliance (SSR) နှင့် Metro Manila Vendor's Alliance (MMVA) တို့အတူတကွပူးပေါင်း၍ "မနီလာ၏ ပြည်သူ့ရပ်ဝန်း၊ အသက်မွေးဝမ်းကျောင်းမှုများနှင့် ကမ္ဘာ့ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးလုပ် ငန်း"ဟု ခေါင်းစဉ်းတင်ထားသည့် သုတေသနနှင့် စည်းရုံးအရေးဆိုရေး စီမံကိန်းတစ်ခုကို ဖော်ဆောင်လာခဲ့ကြသည်။ စီမံကိန်းသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါပြန့်ပွားနေစဉ်အတွင်း အရပ်ဖက်ရပ်ဝန်းနှင့် ဝင်ငွေရအသက်မွေးဝမ်းကျောင်း လုပ်ငန်းများအကြား အခြေခံကျကျ ဆက်နွယ်ပတ်သက်လျက်ရှိသည့် ကိစ္စရပ်များကို အကျယ်ချဲ့ဆွေးနွေးတင်ပြထား ခြင်းဖြစ်သည်။ ကမ္ဘာ့ကပ်ရောဂါကျရောက်နေသည့် ကာလတစ်လျှောက် ဖိလစ်ပိုင်နိုင်ငံ၏ မနီလာမြို့တော်ကြီး၌ တရား ဝင်အလုပ်အကိုင်များဖြင့် အသက်မွေးလျက်ရှိပြီး အတင်းအကျပ်မောင်းထုတ်မှုကို ကြုံကြုံခံရင်ဆိုင်အံတုလျက်ရှိသည့် မြို့ ပြဆင်းရဲသားများအပေါ် ကျူးလွန်လျက်ရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို တားဆီးကာကွယ်သွားရန် အစိုးရမ ဟာမိတ်များနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့်အတူ အောက်ခြေလူထုလူတန်းစားအဖွဲ့အစည်းများ ပိုမိုခိုင်မာအား ကောင်းလာစေမည့် မိတ်ဖက်ဆောင်ရွက်ရေးလုပ်ငန်းများကို တိုးချဲ့ဖော်ဆောင်လျက်ရှိသည်။ နိုင်ငံရေးအရ ထိပါးနှောက် ယှက်ခြင်း၊ သမားရိုးကျမဟုတ်သည့် အလုပ်အကိုင်နယ်ပယ်များတွင် လုပ်ကိုင်နေကြရသူများကို ပစ်မှတ်ထားဖမ်းဆီးရှင်း လင်းခြင်းနှင့် အတည်တကျမရှိသည့် ပုံကျလူနေရပ်ကွက်များ၌ နေထိုင်လျက်ရှိသူများကို အတင်းအကျပ်မောင်းထုတ် ခြင်းတို့ကို လိုက်လံမှတ်တမ်းတင်၍ ကိုင်တွယ်ဖြေရှင်းပေးသွားမည့် ရှောင်တခင်တုန့်ပြန်ရေးအဖွဲ့တစ်ခုကို ဖွဲ့စည်းတည် ထောင်လိုက်ခြင်းက စီမံကိန်းအကောင်အထည်ဖော်မှု၏ အခရာအကျဆုံး မျက်နှာစာတစ်ခုဖြစ်လာခဲ့သည်။ ယခုအဖွဲ့၌ အောက်ခြေလူထုလူတန်းစားခေါင်းဆောင်များ၊ အစိုးရမဟုတ်သည့် (NGO) ကိုယ်စားလှယ်များနှင့် မြို့ပြဆင်းရဲသား များ၏ မူလအခြေခံရပိုင်ခွင့် အခွင့်အရေးများကို သက်ဝင်ယုံကြည်သည့် အစိုးရအရာရှိများ ပါဝင်လျက်ရှိသည်။

နောက်ပိုင်းစာမျက်နှာများ၌ သဏ္ဍာန်တူဖြစ်ရပ် လေ့လာဆန်းစစ်ချက်၏ အာရုံစူးစိုက်ရာ QRT အပေါ် မီးမောင်းထိုးပြ၍ စီမံကိန်းအကောင်အထည်ဖော်မှု၏ အဓိကအကျဆုံးမျက်နှာစာများကို ရှင်းလင်းတင်ပြထားပါသည်။

- နယ်စပ်စီးပွားရေးနှင့် ဤစီမံကိန်းတည်ရှိရာဒေသ၏ လူမှုနိုင်ငံရေးအခင်းအကျင်း၊

- အဓိကကျသည့် စီမံကိန်းရည်ရွယ်ချက်များ၊
- QRT ဖွဲ့စည်းတည်ထောင်ခြင်း၊ အဖွဲ့ဝင်ပါဝင်ဖွဲ့စည်းမှု၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကနဦးအကျိုးရလဒ်များ၊
- မြို့ပြဆင်းရဲသားနှင့် သမားရိုးကျမဟုတ်သည့် လုပ်ငန်းနယ်ပယ်များမှ စကားသံများ၊
- ရှေ့လုပ်ငန်းစဉ်နှင့် အနာဂတ်အစီအစဉ်များ။

## စီမံကိန်းအကျဉ်း - ပိုမိုကျယ်ပြန့်သည့် အခင်းအကျင်း

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် လူမှုစီးပွားရေး တန်းတူမညီမျှမှုများကို မီးမောင်းထိုးပြ၍ ပိုမိုနက်ရှိုင်းလာစေရန် မီးထိုး ပေးခဲ့သည်။ ရောဂါခြေချုပ်မှုဝါဒများ၊ အသွားအလာကန့်သတ်ချက်များနှင့် အခြား ကိုဗစ်-၁၉ ထိန်းချုပ်ရေးဆိုင်ရာ အ ရေးယူဆောင်ရွက်ချက်များက ကမ္ဘာတစ်လွှားရှိ သမားရိုးကျမဟုတ်သည့် လုပ်ငန်းကိုင်ငန်းများဖြင့် အသက်မွေးလျက်ရှိ သူဦးရေ ၁.၆ ဘီလီယံခန့်အပေါ် ဆိုးဆိုးရွားရွားရိုက်ခတ်မှုရှိလာစေခဲ့သည်။[၁] မနီလာမြို့တော်ကြီးရှိ မြို့ပြဆင်းရဲသားများ ၏ ရာခိုင်နှုန်းအများအပြားသည် အတည်တကျမရှိသည့် ပုံကျလူနေရပ်ကွက်များ၌ နေထိုင်လျက်ရှိပြီး လမ်းဘေးဈေး ရောင်းသူ၊ အိမ်အကူနှင့် ပုံမှန်မဟုတ်သည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဲ့သို့သော အာမခံချက်မရှိသည့် အလုပ်များ ဖြင့် အသက်မွေးနေကြခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ပိတ်ဆို့မှုက လူချင်းခွာနေထိုင်ရန် နေရာလွတ်မရှိသည့် ဘဝနေထိုင်မှု ပုံစံမျိုး၌ ပိတ်လှောင်ခံထားရသည့် လူ့အသိုက်အဝန်းများအား အသက်မွေးဝမ်းကျောင်းမပြုနိုင်တော့သည့် အခြေအနေ မျိုးရောက်ရှိသွားစေရန် တွန်းပို့လျက်ရှိသည်။ အခြေခံကျသည့် ကျန်းမာရေးအကျပ်အတည်း၏ အခြားတစ်ဖက်၌ ကိုဗစ် -၁၉ ကမ္ဘာ့ကပ်ရောဂါသည် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှုကင်းမဲ့သည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ပိုမိုဆိုးရွားပြင်းထန်သည့် စိန်ခေါ်မှုများကို ဆောင်ကျဉ်းလာသည့်အပြင် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများကို ရယူ ခံစားနိုင်သည့် အခင်းအကျင်းကိုလည်း တဖြည်းဖြည်းကျဉ်းမြောင်းလာစေလျက်ရှိသည်။

ဖိလစ်ပိုင်နိုင်ငံအစိုးရသည် ကမ္ဘာ့ကပ်ရောဂါကို လူထုကျန်းမာရေးပြဿနာထက်စာလျှင် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှု တစ်ရပ်အဖြစ် ချဉ်းကပ်ပုံဖော်၍ မြို့ပြဆင်းရဲသားများအပေါ် အကြမ်းဖက်မှုပြင်းထန်သည့် ရဲလုပ်ငန်းဆီသို့ ဦးလှည့် သွားခဲ့ပြန်သည်။ ၂၀၂၀ ခုနှစ် ဧပြီလအစောပိုင်း၌ လူဦးရေ ၃၀၀၀၀ ဝန်းကျင်ခန့် နေထိုင်လျက်ရှိပြီး ယခုစီမံကိန်းကို အ ကောင်အထည်ဖော်လျက်ရှိသည့် မြို့ပြဆင်းရဲသားများကွန်းခိုရာ ဆန်ရော့ခ်(San Roque)နေ ပြည်သူ ၂၁ ဦးသည် မ ကျေနပ်ချက်များကို ထုတ်ဖော်ပြောဆို၍ မိမိတို့ရင်ဆိုင်နေရသည့် အစာရေစာငတ်မွတ်ခေါင်းပါးမှုကို လျော့ပါးသက်သာ လာစေမည့် အထောက်အပံ့များရရှိလာစေရန် ကြိုးပမ်းခဲ့ခြင်းကြောင့် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။ ယင်းလအတွင်းမှာပင် MMVA အဖွဲ့ဝင်များဖြစ်ကြသည့် လမ်းဘေးဈေးသည် ၁၉ ဦးသည်လည်း အငတ်ဘေးကို ကျော်လွှားနိုင်စေရန် လမ်း ပေါ်ထွက်၍ ဟင်းသီးဟင်းရွက်များကို ရောင်းချခဲ့ခြင်းကြောင့် ရောဂါခြေချုပ်ကန့်သတ်ချက်များကို ဖောက်ဖျက်ကျူးလွန် သည်ဟုဆိုကာ ထောင်သွင်းအကျဉ်းချခံခဲ့ရသည်။ ထို့အပြင် ကျေးရွာပေါင်းများစွာရှိ

ကျေးရွာအာဏာပိုင်များက ရောဂါ ခြေချုပ်စည်းမျဉ်းစည်းကမ်း ချိုးဖောက်မိသူများကို ခွေးလှောင်အိမ်များနှင့် ခေါင်းတလားများ၌ ဖမ်းဆီးချုပ်နှောင်ထား သည့် အဖြစ်အပျက်များလည်း ပေါ်ထွက်လာခဲ့သည်။ ဤကဲ့သို့ ဖိနှိပ်မှုပြင်းထန်လွန်းလှသည့် ချဉ်းကပ်မှုပုံစံသည် အ တိုက်အခံများ၊ ဝေဖန်ရေးသမားများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသူများကို ခြိမ်းခြောက်နှိပ်ကွပ်ရန်အတွက် သမ္မတ ရိုဒရီဂို ဒူတာတေး၏ နိုင်ထက်စီးနင်းဆန်သည့် နိုင်ငံတော်အာဏာ အသုံးပြုမှုပုံစံကို ရည်ညွှန်းသုံးနှုန်းသည့် “ဒူတာတစ္စမို (Dutertismo)”ခေါ် ပိုမိုကျယ်ပြန့်သည့် အမျိုးသားနိုင်ငံရေးဇာတ်ခုံအတွင်း ဖြစ်ပွားနေခြင်းဖြစ်သည်။ ဆန်ရော့ဒ်၌ ယူနီ ဖောင်းဝတ်ရဲသားများသည် ကိုဗစ်-၁၉ အရေးပေါ်တုန့်ပြန်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်လျက်ရှိသည့် စေတနာ့ လုပ်အားရှင်အစုအဖွဲ့များနှင့် ရပ်ရွာခေါင်းဆောင်များကို တောက်လျှောက်ခြိမ်းခြောက်ဖိအားပေးလျက်ရှိသည်။

## ရည်ရွယ်ချက်များ

ကမ္ဘာ့ကပ်ရောဂါနှင့် အစိုးရ၏ အရေးယူဆောင်ရွက်ချက်များကြောင့် ကျယ်ကျယ်ပြန့်ပြန့်ပေါ်ပေါက်လာသည့် ရိုက်ခတ်မှု များသည် University of Melbourne’s InfUr- Research Hub၊ SSRနှင့် MMVA တို့အား “မနီလာ၏ ပြည်သူ့ရပ် ဝန်း၊ အသက်မွေးဝမ်းကျောင်းမှုများနှင့် ကမ္ဘာ့ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်း”ဟု ခေါင်းစဉ်းတင် ထားသည့် သုတေသနနှင့် စည်းရုံးအရေးဆိုရေး စီမံကိန်းတစ်ခုကို အမြန်ဆုံးအကောင်အထည်ဖော်ဖြစ်စေရန် တွန်းအား ပေးခဲ့သည်။ စီမံကိန်းသည် ပြည်သူ့ရပ်ဝန်းနှင့် မြို့ပြဆင်းရဲသားများ၏ ဝင်ငွေရအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အကြား အခြေခံကျကျ ဆက်နွယ်ပတ်သက်လျက်ရှိသည့် ကိစ္စရပ်များကို အကျယ်ချဲ့ဆွေးနွေးတင်ပြသွားရန် ရည်ရွယ် ခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လ၌ စတင်တာလွှတ်ခဲ့ပြီး လက်ရှိအချိန်၌ စည်းရုံးအရေးဆိုရေး၊ မှတ်တမ်းတင် ခြင်းနှင့် မြို့ပြဆင်းရဲသားပြည်သူများ၊ လမ်းဘေးဈေးသည်များ၊ ပုံမှန်မဟုတ်သည့် သယ်ယူပို့ဆောင်ရေးကဏ္ဍ အလုပ် သမားများ၊ အရပ်ဖက်အစုအဖွဲ့များနှင့် အစိုးရဌာနများ ပေါင်းစပ်ပါဝင်သည့် သင်တန်းအစီအစဉ်များကို အကောင်အ ထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံရေးအရ ထိပါးနှောက်ယှက်ခြင်းနှင့် အတင်းအကျပ်မောင်းထုတ်ခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းသွားမည့် ရှောင်တခင် တုန့်ပြန်ရေးအဖွဲ့(QRT)ကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်းသည် စီမံကိန်းအကောင်အထည်ဖော်မှု၏ အခရာအကျဆုံး မျက်နှာစာတစ်ခုဖြစ်သည်။ ယခုအဖွဲ့၌ မြို့ပြဆင်းရဲသား လူထုလူတန်းစားခေါင်းဆောင်များ၊ အစိုးရမဟုတ်သည့် (NGO) ကိုယ်စားလှယ်များနှင့် လူ့အခွင့်အရေးကော်မရှင်(CHR)၊ သမ္မတ၏ မြို့ပြဆင်းရဲသားများကော်မရှင်(PCUP)၊ MMVA၊ SSR၊ ကာရီတန်(Kariton) မဟာမိတ်အဖွဲ့၊ CharisMaria နှင့် မြို့ပြဆုံရပ်ဟူသည့် အစိုးရလက်အောက်ခံအဖွဲ့အစည်းများ မှ အရာရှိများ ဖွဲ့စည်းပါဝင်လျက်ရှိသည်။ စီမံကိန်းအကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ QRT အနေဖြင့် တာဝန်ယူရ မည့် အရေးကြီးအခန်းကဏ္ဍ ၃ ရပ်ရှိနေသည်။

၁။ အကြီးစားဖြိုချဖျက်ဆီးမှုများ၊ မတရားပစ်မှတ်ထား ဖြိုချဖျက်ဆီးမှုများ၊ ထိပါးနှောက်ယှက်မှုနှင့် လူ့အခွင့်အ ရေးအပေါ် ဘောင်ကွပ်ကန့်သတ်လာမှုကို ဆန့်ကျင်လျက်ရှိသည့် အောက်ခြေလူထုလူတန်းစားခေါင်းဆောင် များ မတရားဖမ်းဆီးထိန်းသိမ်းခံရခြင်းတို့ကို ကာကွယ်တားဆီးပေးနိုင်သည့် ပြည်သူ့အခွင့်အရေးသမားများ နှင့် အစိုးရဌာနများကို မြို့ပြဆင်းရဲသားခေါင်းဆောင်များနှင့် မိတ်ဆက်ပေးရန်၊

၂။ တရားမဝင်ဖြိုချဖျက်ဆီးမှုများ၊ ရည်ရွယ်ချက်ရှိရှိ လူနေမှုအဆင့်အတန်း ယုတ်လျော့ကျဆင်းသွားစေခြင်း (ဥပမာအားဖြင့် ခြံစည်းရိုးကာခြင်း၊ ရေနှင့် လျှပ်စစ်စွမ်းအင်ကဲ့သို့သော အခြေခံအထောက်အပံ့များကို ဖြတ် တောက်ပစ်ခြင်း စသည်ဖြင့်)၊ ပုံမှန်မဟုတ်သည့် လုပ်ငန်းခွင်နယ်ပယ်များမှ အလုပ်သမားများနှင့် အတည်တ ကျမရှိသည့် ပျံ့ကျလူနေရပ်ကွက်များ၌ နေထိုင်လျက်ရှိသူများကို နှိပ်ကွပ်ရန် အစိုးရအာဏာကို အလွဲသုံးစား ခြင်းနှင့် စစ်ဘောင်သွင်းခြင်းကဲ့သို့သော ကိစ္စရပ်များနှင့်ပတ်သက်၍ လက်တွေ့ကျသည့် နိုင်ငံရေးနှင့် ဥပဒေ ရေးရာ အကြံဉာဏ်များပေးအပ်သွားရန်နှင့်

၃။ မြို့ပြဆင်းရဲသားများ၏ နိုင်ငံသား၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်၍ အားပေးမြှင့်တင်သွားရန် ခိုင်မာအားကောင်းသည့် မူဝါဒရေးရာအဆိုပြုချက်များ ကို ဖော်ထုတ်ဆွေးနွေးသွားမည့် တွေ့ဆုံဆွေးနွေးမှုအစီအစဉ်များ၌ ပါဝင်ဆွေးနွေးသွားရန်။

## ပြည်သူ့ရပ်ဝန်း (နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ) + လုပ်ငန်းဆောင်ရွက်ချက်ရလဒ်များကို ကျွန်ုပ်တို့၏ အရေးယူဆောင်ရွက်ချက်များက အားဖြည့်ကူညီသွားမည့်ပုံစံ။

ဤစီမံကိန်းအောက်၌ ဖော်ဆောင်ခဲ့သည့်လုပ်ငန်းများကြောင့် ပေါ်ထွက်လာသည့် အကျိုးရလဒ်များကို ရှင်းလင်းတင်ပြမှု မပြုမီ SSR နှင့် MMVA တို့၏ အဖွဲ့တွင်း ရှောင်တခင်တုန့်ပြန်ရေးအဖွဲ့အသီးသီးသည် ၂၀၂၀ ခုနှစ် ဧပြီလအတွင်း ဖမ်း ဆီးခံခဲ့ရသည့် လမ်းဘေးဈေးသည်များနှင့် ဆန်ရေ့ဒ်နယ်ခံများ ပြန်လည်လွတ်မြောက်လာစေရန် သီးခြားစီဝိုင်းဝန်းကူညီ ခဲ့ကြသည့် ကိစ္စရပ်ကို ဂရုပြုမှတ်သားရန် အရေးကြီးသည်။ အထက်တွင် ဆိုခဲ့ပြီးဖြစ်သည့်အတိုင်း အစိုးရတပ်ဖွဲ့ဝင်များ သည် ဆန်ရေ့ဒ်နယ်ခံ ၂၁ ဦးနှင့် MMVA အဖွဲ့ဝင် လမ်းဘေးဈေးသည် ၁၉ ဦးတို့ကို ကိုဗစ်-၁၉ ရောဂါခြေချုပ်စည်း မျဉ်းစည်းကမ်းများကို ချိုးဖောက်သည်ဟူသည့် ဥပဒေပုဒ်မပေါ်အခြေခံ၍ မတူညီသည့်အချိန်၌ လာရောက်ဖမ်းဆီးသွားခဲ့ ခြင်းဖြစ်သည်။ SSR သည် ရှေ့နေများဖြင့် ဥပဒေအဖွဲ့တစ်ခုကို စည်းရုံးဖွဲ့စည်း၍ ဖမ်းဆီးခံများကို အာမခံတင်သွားမည့် ရန်ပုံငွေများကို ရှာဖွေခဲ့သည်။ MMVA ဖက်ကလည်း ဖမ်းဆီးခံများ ပြန်လည်လွတ်မြောက်ရေးအတွက် တက်ကြွလှုပ်ရှား သည့် ရှေ့နေတစ်ဦးကို ချိတ်ဆက်အကူအညီတောင်းပြီး ခွင်းဇုံမြို့တော်ဝန်နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့သည်။ စီမံကိန်း၏ ကဏ္ဍစုံ QRT ကို ဤကနဦးရလဒ်များပေါ် အခြေခံ၍ ဆက်လက်ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည်။

## လမ်းကြောရှင်းလင်းရေးစီမံချက်များ

၂၀၂၁ ခုနှစ် ဩဂုတ်လနှင့် အောက်တိုဘာလအတွင်း၌ မည်သည့်ဥပဒေကို ချိုးဖောက်ခဲ့ကြောင်း ရှင်းလင်းပြောဆိုခြင်းမရှိဘဲ မနီလာမြို့တော် ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့(MMDA)က ဘေးတွဲသုံးဘီးယာဉ် ၂၅ စီးနှင့် ဈေးတွန်းလှည်း ၁၂ စီး (လုပ်ငန်းသုံးပစ္စည်းများကို သယ်ယူပို့ဆောင်ရန် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုကြသည့် လှည်းကလေးများ၊ ပုံ ၂ ကိုကြည့်ပါ) ကို သိမ်းယူသွားခဲ့သည်။ ဤကဲ့သို့သော မတရားသဖြင့် အင်အားသုံး၍ လမ်းကြောင်းရှင်းသည့် စီမံချက်များ၏ အဆိုးသံ သရာကို ချိုးဖျက်သွားရန် QRT မှ MMDA ကို အိတ်ဖွင့်ပေးစာတစ်စောင် ရေးသားပေးပို့ခဲ့သည်။ ထို့အပြင် ခွင်းဇုံမြို့တော်ရှိ ဘေးတွဲသုံးဘီးယာဉ်မောင်းများနှင့် ဈေးတွန်းလှည်းပိုင်ရှင်များကို ပစ်မှတ်ထားသည့် MMDA ၏ ရှင်းလင်းရေးစီမံချက် များကြောင့် ပေါ်ပေါက်လာသည့် အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍လည်း အွန်လိုင်းနှင့် မီဒီယာမှတစ်ဆင့် သတင်းအ ချက်အလက်များကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ပေးခဲ့သည်။ တစ်ပတ်အကြာ၌ အဖွဲ့ဖက်က အောက်ပါကိစ္စရပ်များနှင့် ပတ်သက်၍ MMDA နှင့် ဘေးတွဲသုံးဘီးယာဉ်မောင်းများ/ဈေးတွန်းလှည်းပိုင်ရှင်များအကြား ဆွေးနွေးအဖြေရှာသွားရန်အ တွက် တွေ့ဆုံဆွေးနွေးမှုပြုရန် တောင်းဆိုထားသည့် စာတစ်စောင်ကို MMDA(လူ့အခွင့်အရေးကော်မရှင်နှင့် သမ္မတကြီး၏ မြို့ပြဆင်းရဲသားများကော်မရှင်တို့ကိုပါ ထည့်သွင်းလိပ်မူ၍)ထံသို့ တရားဝင်ထပ်မံပေးပို့ခဲ့သည်။

၁။ သိမ်းဆည်းခံ ဘေးတွဲသုံးဘီးယာဉ်များနှင့် ဈေးတွန်းလှည်းများကို အလွယ်တကူ ပြန်လည်ထုတ်ယူနိုင်စေရန် ထိခိုက်နစ်နာ ခဲ့ရသူများကို ခွင့်ပြုပေးသွားမည့် ဥပဒေပိုင်းဆိုင်ရာ ကုစားရေးနည်းလမ်းများ၊

၂။ ဘေးတွဲသုံးဘီးယာဉ်များနှင့် ဈေးတွန်းလှည်းများကို နောက်တစ်ကြိမ်အင်အားသုံး၍ မတရားထပ်မံသိမ်းဆည်းခံရခြင်းမရှိ အောင် တားဆီးကာကွယ်ရန် ထိခိုက်နစ်နာခဲ့ရသူများနှင့် ၎င်းတို့၏ သက်ဆိုင်ရာအစုအဖွဲ့များ အလိုက်သင့်လိုက်လျှောက်နိုင် စေမည့် သီးခြားအလေ့အထများ၊

၃။ အထူးသဖြင့် ယခုလိုကပ်ရောဂါကျနောက်နေသည့် ကာလမျိုး၌ သတ်မှတ်လမ်းမနေရာများကို လုပ်ငန်းခွင်အဖြစ် (ဥပမာ ခရီးသည် အတင်အချပြုလုပ်နိုင်သည့် ဂိတ်မှတ်တိုင်များ) အသုံးပြုခွင့်ရရှိစေရေးအတွက် MMDA နှင့် ဘေးတွဲသုံးဘီးယာဉ် မောင်းများအကြား ခိုင်မာသေချာသည့် သဘောတူညီချက်နှင့် နေရာချထားမှုပုံစံများ။

## အောင်မြင်ပြီးမြောက်မှုများ

ဤအစီအစဉ်အားဖြင့် လမ်းဘေးဈေးသည်နှင့် မြို့ပြဆင်းရဲသားဦးရေ ၂၀၀၀ ခန့်ကို ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့သည်။ ကာ ကွယ်ဆေးလိုက်လံထိုးနှံပေးသည့် ခရီးစဉ်သည် MMVA နှင့် ခွင်းဇုံမြို့တော်ဝန်တို့အကြား နှစ်ရှည်လများတည်ဆောက်ထား ခဲ့သည့် ဆက်ဆံရေးကြောင့် ပြီးမြောက်အောင်မြင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် ဤမိတ်ဖက်ဆောင်ရွက်မှုသည် ရှေ့နှစ်က ရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် MMVA အဖွဲ့ဝင် လမ်းဘေးဈေးသည် ၁၉ ဦး၏ လွတ်မြောက်ရေးအတွက် လည်း

များစွာအရေးပါအရာရောက်ခဲ့သည်။ MMVA ညှိနှိုင်းရေးတာဝန်ခံဖြစ်သူ မစ္စဖလော်ရာဆန်းတို့စ်မှ ခွင်းဇုံမြို့တော်ဝန် ဂွါဘာလ်မွန်တီကို ဆက်သွယ်အကြောင်းကြားခဲ့ပြီးနောက်ပိုင်း ဖမ်းဆီးခံလမ်းဘေးဈေးသည်များကို ချက်ခြင်းပြန်လွှတ်ပေးရန် ၎င်းက ဆက်လက်ကူညီဆောင်ရွက်ပေးခဲ့သည်။